# အချိန်ပိုင်းအလုပ်

အချိန်ပိုင်းအလုပ်လုပ်ရန်အတွက် လူဝန်မှုကြီးကြပ်ရေးဌာနတွင် permission to engage in activity other than that permitted under the status of residence previously granted ကို ရယူပြီး အောက်ပါအချက်များနှင့်အညီ လုပ်ကိုင်နိုင်ပါသည်။ နိုင်ငံခြား ပညာသင်ကျောင်းများ၏ ၇၅% မှာ အချိန်ပိုင်းအလုပ်လုပ်ကြပြီး တစ်လဝင်ငွေမှာ ယန်း 50,000 ခန့် (439 အမေရိကန်ဒေါ်လာ) ရရှိပါမည်။ သို့သော်လည်း အားလုံးသည် ကျောင်းသားများဖြစ်ပြီး ပညာသင်ကြားရန် ဂျပန်နိုင်ငံသို့ လာရောက်ခြင်း ဖြစ်သည်။ အချိန်ပိုင်းအလုပ်လုပ်ခြင်းဖြင့် အားလုံးသော ကျောင်းစရိတ်၊ နေထိုင်စားသောက်စရိတ် မလုံလောက်သည့်အတွက် အချိန်ပိုင်းအလုပ်လုပ်ခြင်းကို အားမကိုးဘဲ ငွေကြေးအတွက် ကြိုတင် စီစဉ် ထားကြပါစို့။

1. စာသင်ကြားမှုတွင် ထိခိုက်မှု မရှိရန်။
2. ကျောင်းတက်နေစဉ် ကျောင်းလခ နှင့် လိုအပ်သောအသုံးစရိတ်များကို ဖြည့်စွက်ပေးရန် ရည်ရွယ်ချက်အတွက် ဖြစ်ပြီး၊ ငွေစုဆောင်းရန် နှင့် နိုင်ငံခြားသို့ ငွေပို့ရန်အတွက် မဟုတ်ရန်။
3. လူကြီးပိုင်းဖျော်ဖြေရေးလုပ်ငန်းများကို မလုပ်ရန်။ ※ဥပဒေဖြင့် တားမြစ်ထားသည်။
4. သီတင်း 1 ပတ်လျှင် 28 နာရီနှင့်အောက် (ကာလရှည်ပိတ်ရက်များတွင် 1 ရက် 8 နာရီနှင့်အောက်) လုပ်ရန်။
5. ပညာရေးအဖွဲ့အစည်းတွင် တက်ရောက်နေစဉ်အတွင်း လုပ်ဆောင်ခြင်း ဖြစ်ရန်။

※ ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ် ဝင်ရောက်လာသူဖြစ်ပြီး၊ "ကျောင်းသား (Student)" ဟူသော နေထိုင်ခွင့် ခွင့်ပြုချက်ဖြင့် 3 လနှင့်အထက် နေထိုင်ခွင့်ကာလ သတ်မှတ်ခံရသူသည် ပြည်ဝင်ခွင့်လက်မှတ် ထုတ်ပေးချိန်တွင် ဝင်ရောက်သော လေ/သင်္ဘောဆိပ်၌ နေထိုင်ခွင့် ခွင့်ပြုချက် ပြင်ပရှိ လုပ်ဆောင်ချက်များအတွက် ခွင့်ပြုချက်ကို လျှောက်ထားနိုင်ပါသည်။

※ ခွင့်ပြုချက်မရှိဘဲ အလုပ်လုပ်ခြင်းနှင့် ခွင့်ပြုထားသော အလုပ်လုပ်ချိန်၊ လုပ်ကိုင်နိုင်သည့် အကြောင်းအရာကို ကျော်လွန်၍ လုပ်ခြင်း များအတွက် အပြစ်ပေးခြင်း နှင့် ပြည်နှင်ဒဏ်ပေးခြင်း ခံရမည် ဖြစ်သည်။



အချိန်ပိုင်း အလုပ်လုပ်ရင်း ကျောင်းခေါ်ချိန် မပြည့်ခြင်း၊စာမလိုက်နိုင်ခြင်းများဖြစ်ပြီး နေထိုင်ခွင့်ကာလ ထပ်တိုးမရဘဲ မိမိတိုင်းပြည် ပြန်ကြရသော ပညာသင်ကျောင်းသားများ နှစ်စဉ်ရှိနေပါသည်။ အားလုံးကောင်းစွာ သတိထား လုပ်ဆောင်ကြပါ။



〈နိုင်ငံတကာကျောင်းသားများ လုပ်ကိုင်မှုများသော အချိန်ပိုင်းအလုပ်အမျိုးအစားများ (အဖြေတစ်ခုမက လက်ခံသည့် မေးခွန်းပုံစံ)〉

| | အလုပ်အမျိုးအစား | ရာခိုင်နှုန်း |
|---|---|---|
| 1 | စားသောက်ဆိုင်လုပ်ငန်း | 45.7% |
| 2 | အရောင်းနှင့် အရောင်းမြှင့်တင်ရေး | 24.7% |
| 3 | စာသင်ကြားခြင်း/သုတေသနလက်ထောက် | 6.9% |
| 4 | ဘာသာပြန်၊ စကားပြန် | 6.8% |
| 5 | ဘာသာစကား ဆရာ | 6.5% |
| 6 | သန့်ရှင်းရေး | 5.1% |
| 7 | ဟိုတယ်ဧည့်ကြို/ဝန်ဆောင်မှုပေးသူ | 5.0% |
| 8 | တစ်ဦးချင်းပြ သီးသန့် ဆရာ | 4.6% |

(အချိန်ပိုင်းအလုပ်၏ တစ်နာရီစာ လုပ်အားခ)

| အလုပ်အမျိုးအစား | ရာခိုင်နှုန်း |
|---|---|
| 800 ယန်းအောက် | 9.3% |
| 800 ～ 1,000 ယန်းအောက် | 50.1% |
| 1,000 ～ 1,200 ယန်းအောက် | 30.7% |
| 1,200 ～ 1,400 ယန်းအောက် | 4.4% |
| 1,400 ယန်းနှင့်အထက် | 4.5% |
| မသိနိုင် | 1.0% |

ကိုးကား - "၂၀၁၅ ခုနှစ် မိမိအစီအစဉ်ဖြင့် ပညာသင်စရိတ်ကျခံသည့် နိုင်ငံခြားကျောင်းသားများ အခြေအနေ လေ့လာခြင်း (JASSO)

## "ဂျပန်နိုင်ငံတွင် ပညာသင်ကြားနေစဉ်အတွင်း ဖင်ငွေရှာနိုင်သည်" ဟု

ခေါင်းစဉ်တပ်ပြီး ဂျပန်နိုင်ငံတွင် ပညာသင်ကြားရန် စီစဉ်ပေးသော အေဂျင်စီလုပ်ငန်းများအား သတိပြုရန် လိုအပ်သည် မကြာမီနှစ်များ၌ ဂျပန်နိုင်ငံတွင် ပညာသင်ကြားရန် စီစဉ်ပေးသော အေဂျင်စီလုပ်ငန်း အချို့သည် ဝက်ဘ်ဆိုက် (ဂျပန်နိုင်ငံတွင် ပညာသင်ကြားလိုသော ကျောင်းသားများ ခေါ်ယူခြင်းဆိုင်ရာ အချက်အလက်) ၌ အောက်ပါကဲ့သို့သော မှားယွင်းသည့် အချက်အလက်များ ဖော်ပြပြီး၊ စီစဉ်ပေးခ အဖြစ် ငွေအမြောက်အမြားကို လိမ်လည်တောင်းယူနေခြင်း ရှိသောကြောင့် သတိထားပါ။ မှားယွင်းချက်

(မှားယွင်းချက်!) " စာသင်ရင်း အချိန်ပိုင်းအလုပ်ဖြင့် 1 လ 300,000 ယန်း ဝင်ငွေ ရှာနိုင်သည်။"<br>
(အချက်အလက်) ထိုမျှဝင်ငွေမရှာနိုင်ပါ။<br>
(မှားယွင်းချက်!) "1 နာရီလျှင် 3,000 ယန်း လုပ်အားခ ရနိုင်သည်။"<br>
(အချက်အလက်) ပုံမှန်လုပ်အားခမှာ ယန်း 900 (8 ဒေါ်လာ) ခန့်သာ ဖြစ်ပါသည်။<br>
(မှားယွင်းချက်!) " ကျောင်းတက်နေစဉ်အတွင်း အချိန်ပိုင်းအလုပ်ဖြင့် ကျောင်းလခ နှင့် နေထိုင်စရိတ်ကို ဖူလုံစေပြီး၊ မိမိနိုင်ငံသို့လည်း ငွေပို့နိုင်သည်။<br>
(အချက်အလက်) မဖြစ်နိုင်ပါ။

※ အမေရိကန်ဒေါ်လာ ၁ ဒေါ်လာ = ၁၁၄ ယန်းဖြင့် တွက်ချက်